www.burmeseclassic.com



မင်းကြီးသည်လည်း၊ ဤအချိန်သည်၊ တမျက်ဖျှည်း- ဒွန်းစဏ္ဍားဖြန်ချိန်ဖြစ်သည်။ ငါထွက်တော်မူမှသင့်ချေမည်ဟု၊ ထွက်တော်မူရာ၊ ဒွန်းစဏ္ဍားတမျက်ဖျှည်း သည်ကို မြင်ရလေသည်။

ထိုအခါမင်းကြီးက၊ ဟဲ့-ဒွန်းစဏ္ဍား၊ နှင့်ကိုနံနက် တချက်တီးအချိန်လာ၍ တမျက်ဖျှည်းရန်၊ ငါအမိန့်ပေးထားသည်ကို။ မောင်မင်းသည် ဤအချိန်ကလွန်မှလာ၍၊ တမျက်ဖျှည်းခြင်းသည်ကား၊ မည်သည့်အတွက် ငါ့အမိန့်တော်ကို မတည်သနည်း၊ မှန်မှန်လျှောက်ထား ရမည်ဟု၊ မိန့်တော်မူလေ၏။

ဒွန်းစဏ္ဍား လည်း၊ ရှိခိုး သံတော်ဦး တင်ဝံ့ ပါသည် ဘုရား၊ ကျွန်တော်မျိုးသည်၊ အရှင်မင်းကြီး အမိန့်တော်မြွက်အတိုင်း တည်ကြည်ရျော်။ နေ့စဉ်နံနက်တချက်တီး အချိန်အတိုင်း၊ ပျက်ကွက်သည်မဟုတ်ပါ၊ ဖွေ့တိုက်ဝန်မင်း အသိဖြစ်ပါကြောင်း။ မနေ့က မှူးတော် မတ်တော် တို့က၊ နင်-ယနေ့နံနက် တချက်တီးအချိန် ကျော်မှ၊ နန်းတော်တို ဝင်ရမည်ဟု၊ အမိန့်ချမှတ်ပါ၍၊ ယင်းသည့်အမိန့်အတိုင်း နာခံဆင်ရွက်ရပါကြောင်းပါဘုရား၊

ကျောင်းပြီ မောင်မင်း တင်လျှောက်ချက် အရ၊ ငါ မှူးတော် မတ်တော်များကို စစ်ဆေးတော်မူမည်၊ မောင်မင်း၊ ဤနေရာက မသွားလေနှင့်ဟု မိန့်တော်မူပြီးလျှင်၊



မှူးတော်-မတ်တော်ဘို့ကို၊ ညီလာခံဝင်ကြရန်၊ သံတော် ဆင့်တယောက်စေလေ၏။

ဒွန်းစဏ္ဍားလည်း၊ ငါသည်မှူးမတ်တို့၏ အမိန့်အရ၊ နာရီအချိန်လွန်မှ နန်းတော်သို့ဝင်၍၊ တမျက်ဖျှည်းခတ် သည်ကို၊ မင်းကြီးအလိုမကျဖြစ်ချေသည်၊ မှူးတော်-မတ်တော်ဘို့ကိုခေါ်၍ စစ်မေးသော်၊ မှူးတော် မတ်တော်တို့ က၊ သူ့ဘို့အမိန့်မပေးပါဟုလျှောက်တင်ချေက၊ ငါနိုက်မင်း ဖြစ်-မင်းဒါဏ်ခံရချေတော့မည်ဟု၊ နှလုံးတုံလျက်၊ အလွန် ကြောက်သောစိတ်ကိုဖြစ်လျက်နေရလေ၏။

ဝန်ရှ, မှူးရ၊ မှူးတော် မတ်တော် အပေါင်းတို့သည် လည်း၊ အမိန့်တော်မြွက်နှင့်၊ နန်းတော်မင်းယင်ပြင်တော် သို့၊ ဝင်ရောက်ခစားလျက်နေကြလေ၏။

မင်းကြီးသည်၊ မှူးတော်-မတ်တော်တို့ ခစားလျက် ဟိုကြကြောင်း သိတော်မူ၍၊ ထွက်တော်မူလာပြီးလျှင်၊ ဘယ့်နှယ်လဲ၊ မှူးတော်မတ်တော်တို့၊ အကြည့်ခံမင်္ဂလာ အခမ်းအနားကိုမည်သို့ စီမံကြပါသနည်းဟု၊ မေးတော်မူ လေ၏။

မှူးမတ်တို့ကလည်း၊ မှန်ပါ၊ အကြည့်ခံမင်္ဂလာ၊ အခမ်းအနားကို၊ ဘုရားကျွန်တော်ဝန်တို့အား၊ ယနေ့နံနက် တချက်တီး အချိန်တွင်အကြည့်ခံမင်္ဂလာဝွဲ့ကိုကျင်းပမည်၊ ဤအချိန်၌၊ တမျက်ဖျှည်းဒွန်းစဏ္ဍား၊ နန်းတော်သို့မဝင်ရ၊ တချက်တီး

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်မောင်၊ဟုတ်ပေတယ်။ အမောင်သိမ်းပိုက် ဆောင်ယူရလိမ့်မယ်။

ဥပဒေယှိပေမဲ့။ဘုရင့်သမီးကို အကျွန်ုပ် မသိမ်းပိုက်လိုပါ။ သိမ်းပိုက်သော်လည်း အကျွန်ုပ်နှိက်၊ အကျိုးယှိမည် မဟုတ်ပါ၊သို့အတွက် မယူလို၊ မသိမ်းပိုက်လိုပါဘု ငြင်းပယ်သလေ၏။

ဘုရင့်သမီးကိုရတာ။ အားရဝမ်းမြောက်စရာသာ ယှိရမည်မဟုတ်လားမောင်ရဲ့။

ဘာအားရ ဝမ်းမြောက်စရာ ယှိမှာလဲ။ အကျွန်ုပ်ကား ဒွန်းစဏ္ဍား။ သူတပါးသဋ္ဌါသမျှစွန့်သည်ကိုသာ တောင်းရမ်း စားသောက်သူဖြစ်၍။ မင်းသမီးမှာသာ ဂုဏ်နိမ့်၍ အကျိုးယုတ်စရာယှိမှာပေါ့မင်းဘုရားတို့။

အမောင်ဘာကြောင့်။အထင်လွဲနေပါသလဲ။မင်းကြီးသမီးကိုရသည်အတွက်။အမောင်ဂုဏ်ယှိမှာပေါ့ဟု၊ ဝန်တို့ကပြောပြလေ၏။

မင်းဘုရားတို့ပြောပြသော ဂုဏ်သည်။ဥပမာအားဖြင့်။ ရွှေရောင်ညီးသောပြာသာဒ်ကြီးနှင့်၊ ကျီးကန်းနားသကဲ့သို့ ကျီးရောင်တခြား၊ ရွှေရောင် တခြား ဖြစ်မှာပေါ့၊ မင်းသမီးသည်၊ ဒွန်းစဏ္ဍားကိုယူရသည်ကိုလည်း အများကကဲ့ရဲ့ကြမည်၊ ဒွန်းစဏ္ဍားသည် မတူမတန်သည်ကို ရသည်ဟု၊ အများကအပြစ်ဆိုကြပေမည်၊ သို့ကြောင့်အကျွန်ုပ်မယူလိုပါ။



မဟုတ်ပါဘူးမောင်ရဲ့။ မင်းသမီးကိုရသည့် အတွက်။ သူတပါးက၊ အပြစ်ပြောကြမယ်မဟုတ်၊ အင်မတန် ကံကောင်းပေတယ်ဟု-အံ့ဩကြမှာပေါ့။ ငါတို့မျှုးမတ်သားများနှင့်မထိုက်တန်၊မောင်နှင့်သာထိုက်တန်သောကြောင့်။ မင်းသမီးကိုရပေသည်။အမောင်ပါညီးငယ်စရာရှိမလဲ။

မင်းဘုရားတို့ကသာ၊ မင်းမျိုးမင်းနွယ်ဖြစ်၍ ဝမ်းသာသင့်သည်ဟု။ မိန့်ဆိုသည်ကား မှန်ပါ၏။ အကျွန်ုပ် ကား ဒွန်းစဏ္ဍားဖြစ်၍ ဝမ်းသာခြင်းစိတ်သည်။အလွန်ဝေးလှပါတယ်၊ မင်းသမီးကို ရသည်အတွက်-ဥပမာ၊ ဘာနှင့်တူပါသလဲ ဆိုတော့။ ဆင်ဖြူတော် ဦးစီးနှင့် တူလှပါတယ်။ မင်းဘုရားတို့။

ဆင်ဖြူတော်ဦးစီးနှင့်တူဒါကိုပြောပြစမ်းပါအုံးမောင်ရဲ့။ ဆင်ဖြူတော်ဦးစီးသည် ဂုဏ်တော့ရှိပါရဲ့။ ဆင်ဖြူပေါ်သို့စီးသည့်အခါ၊ ချိုး၍ အပေါ်က လိုက်ရသည့်အတွက်။ ထူးသည်မဟုတ်ဖူပါ၊ သို့ကြောင့်။ မင်းသမီးကို ရသည်အတွက်၊ ရှေးသို့ညီးငယ်စရာအပုံကြီးများလိမ့်မယ်ထင်ပါတယ်မင်းဘုရားတို့။

ထိုအခါ မင်းသမီးက စေ့စွတ်လိုက်သော၊ အမျိုတော်သည်၊ အကျိုးအကြောင်းကို သိရသည်အတိုင်း၊ မင်းသမီး အဆောင်တော်သို့ဝင်လေ၏။

မင်းသမီးက၊ ဘယ့်နှယ်လဲ ဒွန်းစဏ္ဍားကို မြင်ခဲ့ ပါရဲ့လား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုမမြင်လို၊ရိုက်ပုတ်ဝှေ့နှက်ထိုး နှင်စေသည်မှာသေဋ္ဌေးသို့
အပေါ် နိုက်၊များစွာအပြစ်ကြီးလေးလျက်ရှိချေသည်။ ထို
အပြစ်ကိုပပျောက်ရန် ငါမကယ်ဆယ်ကသံသရာနိုက်နှစ်
မွန်းခြင်း ဖြစ်တော့မည်။သေဋ္ဌေးသို့နိုက်ခွဲကပ် ယုတ်မာ
သောမာနစိတ်တို့သည်။ လွတ်ကင်း၍၊ စိတ်ဖြင့် မပြစ်မှား
ရခြင်း၊ ကိုယ်နှုတ်ဖြင့် မပြစ်မှားရခြင်း၊ ကောင်းမှုတို့ကို
ရှောင်ကြဉ်ခြင်း၊ အာရုဏ်၊ ဝိရတီ -ဂုဏ်မှုသေလေးဖြတ်
ထိုက်သောသူကို ပျပ်ဝပ် ရှိသေရသော ဂါရဝေါစဂုဏ်၊
မာနမယှိစွန့်ပယ်၍ မိမိကိုယ်ကိုနှိမ့်ချရသော နိဝါတောစ
ဂုဏ်။လူကြီးမိဘဆရာသွားပညာယှိ သူတော်ကောင်းတို့၊
ဆိုဆုံးမသည်ကို။ ဦးလည်မသုံ အမြန်နာယူ ကျင့်ဆောင်
လေ့ယှိသော သောဝစဿတာ ဂုဏ်တို့ကို။ ရစေခြင်းငှာ
ငါကယ်ဆယ်မှ။ ထိုသေဋ္ဌေးသို့နိုက် အပြစ် ချမ်းသာပယာ
ရချေတော့မည်။ ငါ့ကြောင့်အပြစ်ယှိသည်ကားမလျော်ချေ
ငါ့ကြောင့် အပြစ်ယှိသည်ကို ချမ်းသာမှသာ။ ငါ၏ တာ
ဝန်ကင်းလွတ်ချေမည်တကားဟု စဉ်းစား ကြံစည်ပြီးလျှင်
သေဋ္ဌေးသို့အိမ်တံခါးပေါက်-မြေပေါ်တွင် အလျားမှောက်
လျက်၊ ဒိဋ္ဌမင်္ဂလိကာကို၊ ငါအလို ယှိသည်၊ ပေးပါ ဟု
တောင်းရမ်းလေ၏။

သို့လိုအော်ဟစ်တောင်းရမ်းသည်ကို။ လမ်းသွားလမ်း
လာတို့ရှုရှိုး ကြည့်ကြရကား။ အုတ်အုတ်ကျက်ကျက် ဖြစ်
သောကြောင့်။ သေဋ္ဌေးကြီးက အကြောင်းကို သိသဖြင့်၊
ရွှေငွေ အဝတ်အထည်အစယှိသည်တို့ကို ပေးလေသည်။
ဤရွှေငွေ-အဝတ်အထည်တို့ကိုငါအလိုမယှိ။ဒိဋ္ဌမင်္ဂလိကာ,
ကိုသာ ငါအလိုယှိသည်ဟုပြောလေ၏။

နောက်သေဋ္ဌေးကြီးက၊ ငါနိုက် ဆင်မြင်းကျွဲ နွား-ဆိတ်
တို့ပေါများပါသည်၊ အလိုယှိလျှင်တဝက်ခွဲ၍ ပေးပါမည်။
လယ်ယာ ခြံဥယျာဉ်များကိုအလိုယှိလျှင်တဝက်ခွဲ၍ ပေး
ပါမည် ယူပါဟုပေးဖြန့်လေသည်ကို၊ ဤပစ္စည်းတွေပေး
သည်ကား၊ငါနိုက်အသုံးမကျ၊ငါမယူလို။ ဒိဋ္ဌမင်္ဂလိကာကို
သာငါအလိုယှိသည်။ ဒိဋ္ဌမင်္ဂလိကာ-ကိုငါမရလျှင်၊ဤနေရာ
က-ငါမထပြီ၊ငါ့အသက်ကိုအသေခံမည်ဟုပြောလေ၏။

မာဒင်္ဂသည်အစာငတ်၊ရေငတ်ခံ၍၊မြေကြီးပေါ်မှမထ
ဘဲ၊ဒိဋ္ဌမင်္ဂလိကာကိုတောင်းရမ်းနေသည်မှာ၊ ခြောက်ရက်
တိုင်ယှိလေသည်။ ထိုအခါ သေဋ္ဌေးကြီးက-ဆိုသူသည်၊
ငါ့သမီးကိုမရပါက၊ ဤနေရာတွင်သေဆုံးစရာယှိလေသည်။
တောင်းရမ်းသောသူကို၊ အလိုပြည့်အောင် မပေးချေကား
သေဆုံးသော်။ငါတို့၌အမျိုးဂုဏ်ပျက်ချေမည်၊ လူအပေါင်း
တို့ ရှုတ်ချကဲ့ရဲ့ခြင်းအဖြစ်ကို ခံရချေမည်၊ သမီးကိုနှမြော
သည်အတွက်ကြောင့်၊ မိမိတို့အမျိုးဂုဏ် ပျက်ခြင်း၊ သူတ
ပါးတို့ကဲ့ရဲ့ခြင်းမှ ကင်းလွတ်ရအောင်၊ သမီးကိုပေးလေ
သင့်လျော် ချိမ့်မည်ဟု-ဆင်ခြင်တိုင်းထွာလျက် သမီးကို
ခေါ်သေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကို မချန်ပါနှင့်၊ အရသာသို့ရောကို အကုန်ဘဲ သုံးဆောင်ပါဟု ချိုသာစွာပြောလေ၏။

ခွန်းစဏ္ဍားထမင်းစားပြီးလျှင်၊ အမောင်-ဟောဒါ လုပ်ဆေးရန်ရေပါ။ ဟောဒါ သောက်ရန်ရေပါ၊ ဟောဒီ-အဝတ်စုတ်ကလေးရှော်၍ ထားပါတယ်၊ လက်သုတ်ပုဝါသုတ်ပါဟုပေးလေ၏။ ဟောဒီမှာတောင်းရမ်းရသောကွမ်းဆေးများကို၊ ကွမ်းရာ ပြုလုပ်ထားပါတယ်။ ခံတွင်းအချင်ပြေ၊ ရော့သည်ဆေးလိပ်ကိုဦးစွာသောက်ပါဟုရိုသေစွာပေးလေ၏။

မင်းသို့ ခါတိုင်းဆေးလိပ်အတိုသာ သောက်ရရတယ်။ ယခု ဘယ်က အရှည်ရသလဲဟု မေးလေ၏။ မင်းသို့က အမောင် ကောက်လာသော ဆေးလိပ်တိုများကို ဖျက်၍၊ ကြွင်းကျန်သောဆေးစပ်များကိုရုံပြီးလျှင်၊ ဟောဟိုက၊ ဗန့်ပွေးပင်ကကြွေကျသော အရွက်ချောက်ကို ကောက်၍၊ အသစ် ထပ်မံ လိပ်သော ဆေးလိပ် ဖြစ်ပါတယ်ဟု ပြောလေ၏။ ခွန်းစဏ္ဍားက၊ အင်း-ကောင်းပေ့-ကောင်းပေ့။

မင်းသို့လည်း ခွန်းစဏ္ဍားသို့၊ စားဖွယ် သောက်ဖွယ်တို့ကို ပြင်ဆင် ကျွေးမွေး ပြီးသော အမှုကို ဆောင်ရွက်ပြီးနောက်၊ မိမိသည် တနေရာသို့ ရွှေ့၍၊ ထမင်းကျန် ဟင်းကျန်တို့ကို ချမ်းသာစွာစားသောက်လေ၏။

ထမင်း ဟင်း ကွမ်း ဆေးတို့မှ၊ စားသောက်ပြီးသော်၊ သခင်လင်အားပြုဘွယ်ကိစ္စဟူသော ဝတ်ကြီးဝတ်ငယ်တို့ကိုမချွတ်မယွင်းရိုသေစွာပြုပေ၏။



ညအခါကျရောက်သော်၊ အမောင်-ဟောဒီမှာ ခြေဆေးရေ, ချိုးရေများကို၊ အိုးကွဲနခမ်းပဲ့နှင့် ထည့်ထားပါတယ်။ သုံးသပ် တော်မူပါ၊ ဟောဒီမှာ-အမောင် အိပ်သည့် အခါကိုယ်လက်နာမည်စိုးပါ၍၊ သစ်ရွက်ခြောက်များကိုကော်၍၊ ထူထူဖြန့်ခင်းပြီးလျှင်၊ ဂုံအိပ်ပုတ်တို့ကို အပေါ်က ခင်းထားပါတယ် ချမ်းသာစွာ အိပ်တော် မူပါဟု ပြောပြပြီးနောက်၊ မင်းသို့သည် ရတနာသုံးပါးကို ရှိခိုးပူဇော်လေ၏။ နောက်နန်းတော်ဟိုရာတက်သို့ဖွည့်၍၊ ခမည်းတော်, မယ်တော်တို့ကိုရှိခိုးကံတော့လေ၏၊ နောက်မိမိသခင်လင်ကို၊ နင်းနှိပ်ပေးပြီးသော်၊ ဦးချကံတော့ပြီးမှ၊ နိမ့်ချော့ရိုသေစွာ၊ ဂုံအိပ်အခင်းပေါ်တွင်၊ မြေကြီးခဲကိုဖက်နှင့်ထုပ်၍၊ ခေါင်းအုန်းကာအိပ်လေ၏။

မိုးသောက်သောအခါ၊ မင်းသို့သည် ရှေးဦးစွာ ထ၍၊ မိမိသခင်လင်ယောကျ်ားအိပ်ရာမှနိုးသောအခါ၊ အသင့်သုံးဆောင်ရန်၊ မျက်နှာသစ်ရန်အုန်းခွက်နှင့် ရေကိုဎင်း၊ ကွမ်းယာ-ဆေးလိပ်တိုများကိုဎင်း၊ အသင့်ပြင်ဆင်ထားလေ၏။

ခွန်းစဏ္ဍားလည်း အိပ်ရာမှထ၍၊ မင်းသို့အသင့် ပြင်ဆင်၍ ထားသည်များကို သုံးဆောင်ပြီးသော်၊ မိမိဆောင်ရွက်ရန်ဟူသောအလုပ်ကိုမဖျက်မကွက်၊ သူတောင်းစားတို့အသုံး အဆောင် ခွက်များကို စွဲကိုင်လျက်၊ အိမ်ချေကိုရှောက်၍ တောင်းရန်၊ မင်းသို့အား ငိုကြွေး ထွက်သွားလေ၏၊ ။မင်းသို့လည်း-စဉ်းစားသည်မှာ၊ ငါ့သခင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသည်၊ စင်စစ်ဗွန်းစလျှားမျိုး မှတ်မည် မထင်၊ ရုပ်ရေရှုပကလည်းတင့်တယ်ခြင်းယှိလေသည်။ ဗုန်းပညာ လက္ခဏာနှင့်ပြည့်စုံသူ-ဟု ငါထင်သည်။ သို့သော်-သူ့အကြောင်းကို တဖြေးဖြေး ငါသိအောင် စုံစမ်း ရမှာဘဲဟု အောင့်မေ့ဆင်ခြင်လျက်နေလေ၏။

ဗွန်းစလျှားလည်း၊ ထမင်း,ဟင်းများကို တောင်းခံ၍ ပြန်လာပြီးသော် မင်းသွီးသို့ပေးအပ်လေ၏၊မင်းသွီးလည်း ခါတိုင်းကဲ့သို့ ပြုဖွယ် ကိစ္စ များကို မကြွင်း မကျန် ပြီးမြေ အောင် စီရင်ဆောင်ရွက်ခြင်းကိုပြုပေ၏။

မင်းသွီး၏အပြောအဆိုအနေအထိုင်။ အပြုအမူမှစ၍၊ အရာခပ်သိမ်းတို့သည်။မင်းသွီးစိတ်မဝင်းစားဘဲငြိုးငြင်စွာ ပြုကျင့်သည်ကို၊စိတ်ထဲးကအံ့ဩချီးမွမ်းလျက်၊ဗွန်းစလျှား သည်။မင်းသွီးကို၊စိန်းစိန်းကြည့်ကာနေလေ၏။

ထိုအခါမင်းသွီးက၊ အရှင်သား ကျွန်မကို မျက်တောင် မခပ် စိန်းစိန်းကြည့်ရှု နေသည်ကား၊ ကျွန်မအပေါ် နှိုက်၊ အပြစ်ပြောဖွယ်ယှိပါက မြုံ၍မထားဘဲဖွင့်ဟပြောစေလို ပါသည်။အလိုကို သိရမှ၊ အပြစ်ကိုချမ်းသာအောင်ပြုရနိုင် ပါမည့်အကြောင်းပါ။

ဗွန်းစလျှား။ ၊အကျွန်ုပ်သည်၊ မင်းသွီးအပေါ် နှိုက်၊ အပြစ်ဆိုရန် မြှုမှန်လောက်မျှမယှိပေ၊မင်းသွီးသည်၊ အမျိုး မြတ်သောဘုရင်မြတ်၏ ရင်သွေးတော်ဖြစ်လျက်၊ မတူမ တန်သော အကျွန်ုပ်ဗွန်းစလျှား၏ အလုပ်အကျွေးဖြစ်သည်



အလုပ် အကျွေး ဖြစ်သည် အတိုင်းလည်း၊ မင်းသွီး တို့၏ အမူ အရာ စိတ်ကိုပကတိကင်းမဲ့လျက်၊ မိန်းမတို့ ပြု ကျင့် အပ်သော ဝတ်တရားကို၊ မချွတ် မယွင်းပြုရ ပါပေ သည်ဟု အကျွန်ုပ်စိတ်ထဲးကအံ့ဩခြင်းဖြစ်ပါကြောင်း။

မင်းသွီး။ ၊အရှင့်သား၊ မိန်းမက, အမျိုး မြတ်၍၊ ယောကျ်ားကအမျိုးယုတ်သော်လည်း၊မိန်းမတို့မည်သည် လင်၏ခြေရင်း၊ အလုပ်အကျွေးမျှသာဖြစ်ပါတယ်၊ မိန်းမ တို့၏အရှင်သခင်သည်။ လင်ယောကျ်ားသာဖြစ်ပါတယ်။ မိန်းမကအမျိုးမြတ်၍ယောကျ်ားက အမျိုးညံ့သော်လည်း၊ ယောကျ်ား၏ဗုန်းဂုဏ်သည် အလွန်မြင့်မြတ်ပါတယ်။အတု မယှိ-ဘုရားဖြစ်နိုင်သော ဂုဏ်ထူးရနိုင်ပါတယ်၊မြတ်တယ် ယုတ်တယ်ဆိုဒါ။ ဘဝ-ဘဝကပြုခဲ့ဘူးသော ဒါနကုသိုလ် ပါရမီအတိုင်း၊ယခုပစ္စုပ္ပန်မှာတမျိုးစီအကျိုးပေးခြင်းကိုခံစံ ကြရဒါဖြစ်ပါကြောင်းပါ။

ဗွန်းစလျှား။ ၊မင်းသွီးပြောပြသည်မှာ-မှန်ပါပေတယ် လေ;ကန္နိက်ခပ်သိမ်းသောသူအပေါင်းတို့သည်-

၁။ အချို့ အမျိုးမြတ်သည်၊
၂။ အချို့ အမျိုးယုတ်သည်။
၃။ အချို့ ဗုန်းတန်းခိုးယှိသည်၊
၄။ အချို့ တန်းခိုးမဲ့သည်။
၅။ အချို့ စည်းစိမ်ဥစ္စာနှင့် ချမ်းသာ ကြွယ်ဝသည်။

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွက် ဝယ်ယူသော၊ ပါဝနှ–သင်္ဘော သူကြီးသည်၊ သင်္ဘောသွင်လာရာ၊ ပါသူ မြို့-ဆိပ်ကမ်းနှိုက်ဆိုက်ကပ်လေ၏။

နရာဓမ-ဆရာ ကြီးသည်။ နေဝင်ဆဲ ညနေ အချိန်၊ သင်္ဘောသို့ဆင်း၍၊ သင်္ဘောသူကြီးမင်း၊ ကျွန်ုပ်အိမ်သို့ လက်ဖက်ရည်-ချိုချဉ် များကို သုံးဆောင်ရန်၊ ကြွတော်မူပါ၊ သင်္ဘောဆိုက်တိုင်း-သင်္ဘောသူကြီးများကိုပင့်ဖိတ်၍ ဧည့်ခံကြွေးမွေးအဆွေခင်ပွန်းဖွဲ့ရပါတယ်ခင်ဗျား။

သင်္ဘော သူကြီးလည်း၊ ဖိတ်ကြား လာသော ပုဂ္ဂိုလ် သဏ္ဌာန်ကို အကဲခပ်လိုက်၊ လိုက်ပါလာလေ၏။

ဆရာကြီးက-ဟောသည် ကမ္ဗလာပေါ်မှာ ထိုင်တော်မူပါ၊ သင်္ဘောသူကြီးမင်း၊

ဘာများလုပ်ကိုင်အသက်မွေးပါသလဲ ဘုရားတကာ၊

ကျွန်တော်များတော့၊ ဖိုးစဉ်ဘောင်ဆက်၊ သမားဆရာကြီးအလုပ်နှင့် အသက်မွေးပါတယ် သင်္ဘောသူကြီးမင်း၊

ပရိယေသနအတွက် ပြည့်စုံပါရဲ့လား ဆရာကြီး။

အခု အနေထိုင်ဘဲ ကြည့်ပါတော့။ ကျွန်တော်များက သူနာများကိုချမ်းသာအောင်သာ ကုသိုလ်ဖြစ် အာရုံထားပါတယ်၊ ဆေးဖိုး ဝါးခ-လပ်လာဘကို၊ တောင့်တခြင်း စိတ်မရှိပါ။

ကောင်းပေခင်ဗျာ။ ကြားရတာ တယ်ဝမ်းမြောက်ပါတယ်၊ သာဓုခင်ဗျာ၊ သာဓု-သာဓု၊



ဟဲ့-သမီးရေ၊ အဖိုးတန်သော ဧည့်ကောင်း ရောက်လာပါတယ်။ လက်ဖက်ရည်ချိုချဉ်ပွဲများယူခဲ့-ဟု ပြောလိုက်လျှင် ကွမ်းဆေးလက်ဖက် အချိုပွဲ အချဉ်ပွဲ လက်ဖက်ရည်ပွဲများကို ရိုသေစွာပုဆစ်ထိုင်ခါ၊ တည်ခင်းပေးလေ၏။

ဆရာကြီးက သုံးဆောင်တော်မူပါသင်္ဘောသူကြီးမင်း အားနာခြင်း စိတ်ကို မထားပါနှင့်၊ အခင်းကိစ္စ ရှိပါက၊ ဟောဒီကဆင်းသွားလျှင် နောက်ဖေးမှာ လုံခြုံစွာဆောက်ထားပါတယ်၊ အိုက်၍ ရေချိုးလိုက၊ ဟောဟို ကွမ်းပင်တင်ထားသော သရက်ပင် အောက်မှာ၊ အသင့်ရှိပါတယ်ဟုပြောပြလေ၏။

သင်္ဘောသူကြီးနှင့် ဆရာကြီးသည်၊ စကား ဆွေးနွေး ပြောဆိုနေကြရာ၊ အချိန်-၁ဝနာရီခန့်ကြာရှိလေ၏။

ဤအခါ သင်္ဘောသူကြီးက၊ ကိုင်း-ဆရာကြီး၊ အချိန်လည်း အတော် ညည့်နက် သွားပြီ ထင်ပါတယ်၊ ကျွန်ုပ် သင်္ဘောသို့ဆင်း·····

အော်–ခေတ္တ ဆိုင်းပါဦး သင်္ဘော သူကြီးမင်း၊ အကြောင်းတခု ရှိတာကို အစီရင်ခံပါရစေ၊ ကျွန်တော်မှာ ဇနီး ပစ်သွားကတည်းက၊ ဟောဒီ သမီးကလေး နှစ်ခါလည် ကျန်ရစ်ခဲ့ရာ၊ ကျွန်တော်ကြည့်ရှု ယုယကျွေးမွေးလာရာ၊ ယခု အသက် ၁၄-နှစ်ကျော်ပါပြီ၊ မိဖ၏ဝတ္တရားအတိုင်း နေရာချရန် ကြည့်ရှုပါသော်လည်း၊ ဖြောင့်မတ်မည့်လူကို မမြင် သောကြောင့်၊ ကြန့်ကြာ လျက် ရှိနေ ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကဲ့သို့ မဟုတ်၊ ဖျော့သော အရသာအနံ့ တို့သည် ကင်းမဲ့ ချို့ယွင်းခြင်း အဖြစ်သို့ ရောက်ရလေသကဲ့သို့။ ထို့ အတူ သားကလေး-ပိဇကုဏ္ဍာ သည်၊ တပည့်အပေါင်းတို့ အနက်၊ အကျင့်မကောင်းသော သူတို့၏ စကားကိုနားယူ လိုက်မှားချေသည်။

အကြောင်း သော်ကား။ အလွန်နိုင်မာသော ကျောက် တောင်ထွတ် အထွတ်ကြီးပင် ဖြစ်ရကား။ ရေအလျဉ်တိုက်ပါ များက၊ ပျက်စီး ယွေ့ယွား ခြင်းသို့ ရောက်ရဘိ သို့ရင်း။ တောင်ထိပ်နိုက် ပေါက်ရောက်သော၊ အရင်ယှဉ်မျက်နှာ ခရီးတသောင်းခန့်က မြင်ရသောအဓိကာရ တောစိုး သစ် ပင်ကြီးလျှင် ဖြစ်ရကား။ လေးပြင်း မုန်တိုင်းနှင့်တွေ့ကြုံ သည့်အခါ။ ယိမ်းယိုင် ပြိုလဲ၊ ပျက်စီးခြင်းကို ရောက်ရ ဘိသို့ရင်း။ တိုက်ပါများလျှင်၊ သစ်ငုပ်သော်မှ။ ကြွတက် ကျွတ်ရသည်ဟု၊ ရှေးသူဟောင်း စကားနှင့်အညီ။ သား ကလေးသည်၊ မကြီးအပ် မကြီးစည်ထိုက်သော၊ မိဖကို အ သက်ဆုံးရှုံးရန်၊(**ကာယကံ**)မြောက် အကြီးဖြစ်ချေတကား။

**အဓိဿေနာစ မာနေန** ပုဒ်အရ။ လူမိုက်ကိုမှီဝဲဆည်း ကပ်၍၊ လူမိုက်စကားကို နားထောင်မိသော ကြောင့်သာ ကြီးမိရှာလေသတည်း။

နောက်-တပေါင်းလပြည့်နေ့ ညဉ့်အခါ။ မယားမကြီ ရတနာပုံ-ခေါ် ၍၊ မြောက်ဖက် ပန်းဥယျာဉ် ကွပ်ပြစ်ပေါ် နှ ထိုင်ပြီးလျှင်။ ငါတို့သား မျက်နှာကို ကြည့်ရ ခြင်းသည်



ကား။ လ-ထက်ဓားမြခြင်းဖြစ်လေသည်။ မာန်မာန ကင်း စေလို၍သာ။ တပည့် အပေါင်းတို့၏ အစေခံ အဖြစ်ကို ထားရသည်ဟု။ ကျေးဇူးရှင် မိဖ ၂-ပါး ဖြေဆိုသံကို။ သားကလေးချောင်းနေရာက ကြားလျှင်။ ရှိုးကာ အမြန် လာ၍။ ခြေထောက်ကို ဖက်လျက် ငိုပြီးလျှင်၊ အကြောင်း ကို ပြောပြ၍။ တောင်းပန် ဝန်ချ ခြင်းကို။ များစွာ ပြုပေ တကား။

သို့လိုဖြစ်မှားသည် အတွက်။ နံက်မိုးသောက်သည်အ ခါ၊ တပည့်အပေါင်းတို့ရှေ့။ တက္ကသိုလ်ပြည်နိုက်၊ဥပဒေ ထုံးတမ်း ယှိသည်အတိုင်း။ မိဖကို ဖြစ်မှားသော သူတို့ သည်၊ ဥမ္မာ့စဏ္ဍာ-အဖြစ်နှင့်၊ ဤတိုင်းပြည်မှ ထွက်၍။ အ ခြားသော တိုင်းပြည်သို့၊ ၃-နှစ်တိုင် သွားရောက်။ ထွက် လက်ခွဲး၍၊ တောင်းရမ်းစားသောက်နေရမည်။ သူတပါး က မေးသော်လည်း။ ဥမ္မာ့စဏ္ဍာ မျိုးလိုသာ ပြောရမည်။ ၃-နှစ် ကျော်လွန် သည့်အခါ၊ မိဖ-ရပ်ထံ သို့ပြန်လာရ မည်ဟု၊ အမိန့်ပေးလိုက်ရာ။ မိဖတို့အာဏာ သားထွီးမှာ တည်စေ ဆိုဘိသကဲ့သို့၊ မျက်နှာညှိုးငယ်ခြင်းမယှိ၊ မိဖ ၂-ပါးကိုရှိခိုးပူဇော်ကန်တော့ပြီးသော်၊ **သောဝေသသတာ** မင်္ဂလာကို ခံယူလျက် ထွက်သွားရှာလေသတည်း။

မိခင်ဖြစ်သူမှာ၊ ချစ်ခင်လောက်သော သားတယောက် တည်း ဖြစ်ချေ၍၊ ရင်ထုမနာ-အသည်းကြွေမလောက်အောင် ထဲ့လကျွဏာ ဖြစ်ချေသည်၊ ဥပဒေ စည်းကမ်းကို ကြူး

www.burmeseclassic.com

www.burmeseclassic.com



ေၾကာင္း၊ သားေတာ္ကို မိမိ ကိုယ္ပြား-သုႏၵရ တိုင္းျပည္ႀကီးကိုအုပ္ခ်ဳပ္ေစပါလွ်င္၊ ခမည္းေတာ္သားေတာ္တို႔ထီးၿမိဳင္နန္းၿမိဳင္စံစားေတာ္မူၾကသည္ကား၊ အလြန္မွဖုန္းေတာ္တိုးတက္ျမင့္ျမတ္ေၾကာင္းျဖစ္ပါ......

တကၠသိုလ္ဆရာႀကီးစီရင္ခ်က္အတိုင္းတည္ေစမည္၊ သို႔ေသာ္သားေတာ္ႏွင့္ သမီးေတာ္တို႔ကို လက္ထပ္ မဂၤလာ အခမ္းအနားႀကီးကို က်င္းပေတာ္မူမည္၊ အခါလရက္ကို၊ အခါေတာ္ၾကားပုဏၰားပညာသိုတို႔ကဆက္သြင္းေစ။

လယ္ထပ္မဂၤလာ အခမ္းအနား က်င္းပရန္၊ မဂၤလာမ႑ာပ္ေတာ္ ဆိုင္ရာဝန္တို႔က၊ စီမံေဆာင္ရြက္ေစ။လက္ထပ္မဂၤလာ အခမ္းအနား က်င္းပၿပီးမွ၊ သားေတာ္ ကို၊ သုႏၵရတိုင္းျပည္သို႔ကၽြန္ုပ္ပါ သြားေရာက္မင္းေျမႇာက္ေတာ္မူမည္၊

ဆရာႀကီးကလည္း၊၎လက္ထပ္မဂၤလာအခမ္းအနားကိုမွီေအာင္။ ဆရာကေတာ္ ႀကီးကို။ လူငယ္ေစ လႊတ္ပင့္ေခၚရန္စီမံပါမည့္အေၾကာင္း၊

ဆရာႀကီးက။ ေကာင္းလွပါၿပီ၊ မိခင္ျဖစ္သူကလည္း၊ သားကေလး အတြက္၊ ႏွလုံးေၾကကြဲ မတတ္ ျဖစ္ေနပါေၾကာင္း။ယခုထိုသတင္းေကာင္းၾကားရပါက၊ ကိုယ္စိတ္ရႊင္လန္း၍ အားတမ်ိဳး-တိုးတက္လာရန္ ယံုပါေၾကာင္းပါ၊

ဆရာႀကီးႏွင့္၊ သေဘၤာသူႀကီးတို႔၊ တေန႔တႀကိမ္၊ နန္းေတာ္သို႔ဝင္၍ ကၽြန္ုပ္ႏွင့္ တိုင္ပင္ေဆြးေႏြးၾကရမည္၊ နန္း



ေတာ္က။ ျမင္းကေသာယဥ္ေတာ္ရထားကိုလႊတ္ေစမည္၊ နန္းေတာ္က၊ မနက္ညစာပြဲေတာ္ တခုပ္က်စီ သေဘၤာသို႔ ပို႔ေစမည္ဆရာႀကီးႏွင့္သေဘၤာသူႀကီးတို႔ တြင္ပါလာေသာ၊ အေျခြအရံ သားမယားႏွင့္ သေဘၤာသားတို႔ နန္းေတာ္သို႔ဝင္၍ ၾကည့္ေစရႈမ်က္ေတာ္ကိုဖူးေျမာ္ၾကေစ။ ၎အေျခြအရံမ်ားကိုလည္းေရႊတိုက္ဝန္က ၾကည့္႐ႈ၍ သင့္ေလ်ာ္ရာေရႊေငြပဆိုးပဝါအက်ႌစသည္မ်ားကိုထုတ္ေပး၍ ဆုေတာ္လပ္ေတာ္မ်ားကိုခံယူၾကေစ။

ထိုသေဘၤာကာလူမ်ားတို႔သည္၊ နန္းေတာ္သို႔ အခ်ိန္ႏွင့္ ဝင္ႏိုင္ ထြက္ႏိုင္ေစ၊ အဆီးအတား အကန္႔အကြက္မရွိေစရ။ ၿမိဳ႕ဝန္ကေစာင့္ေရွာက္ေစ ဟု။ အမိန္႔ေတာ္မွတ္ၿပီးလွ်င္ ညီလာခံစဲးေလ၏။

အမိန္႔ေတာ္ျမတ္ကို၊ သံေတာ္ဆင့္ႀကီးက အလုံးစုံေရးမွတ္ၿပီးလွ်င္ၿမိဳ႕ထိုက္သို႔ပို႔ေလ၏၊ၿမိဳ႕တိုက္အတြင္းဝန္မ်ားက။ေရးကူးၿပီးလွ်င္၊လႊတ္ေတာ္သို႔ပို႔ေလ၏၊လႊတ္ေတာ္ဝန္ႀကီးမ်ားက ဆိုင္ရာမွဴးေတာ္မတ္ေတာ္တို႔ စီမံေဆာင္ရြက္ၾကရန္၊ထပ္ဆင့္အမိန္႔ေတာ္ထုတ္ျပန္ေလ၏။

www.burmeseclassic.com

